လှိုင်စာပေ

# မြမှုကလဲ့ခင်

## ရုန်းမရသောပွဲ့ငင်မှု



လုံးချင်းဝတ္ထုသစ်

# အပိုင်း(၁)

# လင်းဝတ်မှုံနှင့် လင်းစံအိမ်

Hated is blind as well as love.

**မုန်းတီးခြင်းသည် ချစ်ခြင်းမေတ္တာကဲ့သို့ပင်**

**မျက်စိမရှိပါ**

## အခန်း(၁)

လင်းဝတ်မှုံအတွက် ဆင်းရဲခြင်း၊ ချမ်းသာခြင်းသည် ယခုအချိန်မှာ အကြောင်းမဟုတ်။

အရေးကြီး သောကဏ္ဍ မဟုတ်။

ယခု အချိန်အခါ၌ လင်းဝတ်မှုံအတွက် လိုအပ်ချက်သည် နားခိုရာ နေရာလေး တစ်ခုပင်။ ထိုနေရာလေးသည် သူ့ကိုလုံခြုံမှု အပြည့်ပေး

စွမ်းနိုင်သော နေရာလေးတစ်ခု ဖြစ်လျှင် လုံလောက်ပြီ။

အိမ်က ထွက် လာပြီးမှ ကျောတစ်နေရာချစရာ နားခိုစရာလေး တစ်ခုသည် လည်း လူ့ဘဝ အတွက် အရေးကြီးသော နေရာ၌ ရှိနေတတ်ပါလားဟု လင်းဝတ်မှုံ သိရှိလိုက် ရလေသည် ။

"လင်းစံအိမ်"။

ဒီအမည်လေးက လင်းဝတ်မှုံကို အဆွဲဆောင်နိုင်ဆုံး ဖြစ်သည် ။'လင်း'ပါနေသည် ။ သူနှင့် လင်းစံအိမ်က ဘာမှ မသက်ဆိုင်။ သို့သော် လင်းဝတ်မှုံ ဟူသော အမည်ပိုင်ရှင် သူက 'လင်း'ပါသော 'လင်းစံအိမ်'ကို စိတ်ဝင်စားစွာဖြင့် ခြံတံခါးဝ၌ ရပ်လိုက်သည် ။ ဟိုတယ်၌ သူဘယ်လောက် ကြာကြာ တည်းခိုနိုင်ပါ့မလဲ။ ပါလာသောငွေက ကုန်ခါနီးပြီ။ နောက် လက်ဝတ်လက်စားကို သူမထိချင်။

ထို့ကြောင့် သတင်းစာ၌ ပါသော လင်းစံအိမ်၏ ကလေးတစ်ယောက်အား ဘက်စုံဖွံ့ဖြိုး တိုးတက်စေရေး အတွက် တာဝန်ယူပေးနိုင်သော ဆရာမတစ်ဦး အလိုရှိသည် ဟူသော ကြော်ငြာက သူ့အား ဆွဲဆောင်ခြင်းနှင့် "လင်းစံအိမ်" ဟူသော အမည်ကလည်း ဆွဲဆောင်ခြင်းပါသည် ။ ဆွဲဆောင်မှု နှစ်ရပ်ကြောင့် လင်းစံအိမ်၏ ခြံတံခါးဝ၌ သူတက္ကစီကို ပွန်းတီး ခိုင်းလိုက်သည် ။ ခြံစောင့်က တံခါးကို အသာဟပြီး

"ဘယ်သူ့ကိုတွေ့ချင်လို့ လဲ ကြိုတင်ချိန်းထားသလား"

မျက်နှာကျော မာမာနှင့် ရပ်ဆိုးသလို အပေါက်ဆိုးပုံရသော ဒရဝမ်ကို သူစတင်၍ ရင်ဆိုင် လိုက်ရသည် ။

လင်းစံအိမ်အတွက် အရေးပါသော ဧည့်သည် တော်မျိုးကို ထိုရိုက်ပေါက်မျိုးနှင့် ဆက်ဆံမိပါက မခက်ပေဘူးလား။

"ဆရာမ အလိုရှိသည် ဆိုတဲ့ ကြော်ငြာအတွက် လာတာပါ"

"ဝင်သွား"

"ကားဝင်လို့ မရဘူးလား ကားက ပြန်စောင့်နေမှာ "

ဒရဝမ်က သူ့အား နားမလည်နိုင်သလို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး ခြံတံခါးကိုဖွင့်ပေး လိုက်လေသည် ။ လင်းဝတ်မှုံ ကားနောက်ခန်း၌ ပြန်ထိုင်ပြီး ဆင်ဝင်အောက်အထိ မောင်းခိုင်းလိုက် လေသည် ။

"ကားဆရာကြီး ခဏစောင့်နော်.....။ ကျွန်မ မကြာဘူး။ တကယ်လို့ အလုပ်ဖြစ်ရင် ကားဆရာကြီး ကားနဲ့ ပဲ ကျွန်မ ပစ္စည်းတွေ ပြန်ယူရမှာ "

"ကလေးမရယ် မင်းအလုပ်ရတဲ့ လစာနဲ့ မင်းအခုငှားစီးတဲ့ ကားခ လောက်တောင် ရပ့ါမလား"

လင်းဝတ်မှုံ ဘာမှ ပြန်မပြောဘဲ ပြုံးလိုက်ပြီး ကြိုဆိုသူမရှိသော အိမ်ကြီးထဲသို့ ဒေါက်ဖိနပ်ခွာ သံပေးရင်း လျှပ်စစ်ခေါင်းလောင်းကို လှမ်းနှိပ်လိုက်သည် ။

မိန်းကလေးတစ်ယောက်က သံပန်းတံခါး လာဆွဲဖွင့်ပေးလေသည် ။

"ဟုတ်ကဲ့ ကြီးမွှေး စောင့်နေပါတယ်"

လင်းဝတ်မှုံ အံ့အားသင့်သွားသည် ။ သူလာမည်ဆိုခြင်းကို လင်းဝတ်မှုံမှ ဖုန်းဆက်အကြောင်း မကြားပေဘဲ။ ခြံဝဂိတ်ရုံးမှ အင်တာကွန်းနှင့် သတင်းပို့လိုက်လျှင်လည်း ရတာပဲဟု တွေးလိုက်မိ သည် နှင့် အံ့သြခြင်းတို့ ပျောက်ပျက်သွားလေသည် ။

"လာ အစ်မ"

အိမ်ဖော် မိန်းကလေးဖြစ်ဟန်တူသည် ။ သူက ဧည့်ခန်းကို ကျော်ဖြတ်ပြီး ထမင်းစားခန်းသို့ ခေါ်သွားသောအခါ လင်းဝတ်မှုံစိတ်ထဲ ထင့်ခနဲဖြစ်သွားသည် ။ ဧည့်ခန်း၌ လက်ခံတွေ့ဆုံနိုင်ခြင်း မရှိ လောက်အောင် မိမိလက်ခံရမည့် အလုပ်က နိမ့်ပါးနေ၍ လား၊ ထမင်းစား စားပွဲတွင် ထိုင်ကာ စာရင်းများ ၊ ငွေများကို ရေတွက်ကာ အလုပ်ရှုပ်နေသော အသက် ၄၀ ကျော် ၅၀ နီးပါး အမျိုးသမီးက သူ့အား လှမ်းကြည့်ကာ

"လာ ဆရာမ။ အလုပ်က လုပ်ရင်းတန်းလန်း ဖြစ်နေလို့ ဆရာမကို ဒီမှာ ပဲခေါ်တွေ့လိုက်ရ တာကို ခွင့်လွှတ်ပါ"

ဒီလိုဆိုတော့လည်း မဆိုးပါဘူး။ စိန်နားကပ် ပန်ထားသည် ။ ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ် အပြည့်အစုံ ဝတ်ဆင်ထားသော်လည်း ခန့်ညားခြင်း မရှိသဖြင့် "လင်းစံအိမ်" ၏ အရှင်သခင်မတော့ မဟုတ်နိုင်မှန်း လင်းဝတ်မှုံ အကဲခတ်မိသည် ။

"ကိစ္စမရှိပါဘူး အန်တီ၊ ကျွန်မ လင်းဝတ်မှုံပါ။ အင်္ဂလိပ်စာ အဓိကနဲ့ ကျောင်းပြီးပါပြီ၊ အောင်စာရင်းတော့ မထွက်သေးပါဘူး၊ သတင်းစာထဲက ကြော်ငြာတွေ့လို့ လာလျှောက်တာပါ"

"အေးကွယ် ... တစ်နှစ်ကို အယောက်နှစ်ဆယ်လောက် ဖြစ်နေတော့ ဘယ်လိုမှ မတတ်သာတဲ့ အဆုံး ကြော်ငြာထည့်ခေါ် ကြည့်ရတော့ တာပဲ ဒါကလဲ..."

ထိုစဉ် "ဂလုံး ဂလွမ်း ဟော့ကောင်မတွေ မလာနဲ့ တွား"

"ဘုရားရေ" ဟု လင်းဝတ်မှုံရင်ထဲ တ လိုက်လေသည် ။ ကလေးတစ်ဦး၏ အော်ဟစ်ဆဲဆို သံနှင့် အတူ လှေကားပေါ်မှ တစ်ခုခု ပစ်လွှတ်လိုက်ပုံ ရလေသည် ။

"ဘယ်လိုဖြစ်နေကြတာလဲ အိမ်မှာ ဘယ်သူမှ မရှိကြဘူးလား။ ကလေးတစ်ယောက် ကိုတောင် နိုင်အောင် မထိန်းနိုင်ဘူးလား မထိန်းနိုင်တဲ့ လူ လဲပစ်လိုက်"

ညှော့ခန်းဘက်ဆီမှ ဟိန်းထွက်လာသော ယောက်ျားတစ်ဦး၏ ဩဇာသံ မာကျော ကျောကြောင့် လင်းဝတ်မှုံ စိတ်ထဲ အလိုလိုလျှောက် မုန်းတီးချဥ်တူးစိတ် ဖြစ်ပေါ်လာသည် ။ ယောက်ျားတစ်ဦးက မိန်းမသား၏ တာဝန်ဖြစ်သော အိမ်ထောင်မှု ကိစ္စထဲ ဝင်ပါခြင်းကို လင်းဝတ်မှုံ မကြိုက်။

"ဘယ်လိုလဲ တီတီ။ ဩော် ..."

ညှော့ခန်းကို နောက်ကျောခိုင်းထားသော လင်းဝတ်မှုံသည် ခြေသံနှင့်အတူ သူ့နောက်ပါးဆီမှ အသံထွက်လာမှုကြောင့် ဆတ်ခနဲတော့ ဖြစ်သွားပေမဲ့ လှည့်မကြည့်ဖြစ်စေရန် သတိထားလိုက်ရလေသည် ။

"တီတီ စည်းကမ်းချက်တွေ အသေအချာ ပြောပြထားပါ"

"အေးပါ ထမင်းစားမှာ လား"

"မစားဘူး ပစ္စည်းတစ်ခုကျန်လို့ လာယူတာ သွားမယ်"

လင်းဝတ်မှုံ လူကို မမြင်ရသေး။ အသံကိုကြားရရုံနှင့် အမြင်ကတ်နေလေပြီ။ အသံက မာကျောပြီး အထက်စီးလေသံနှင့် ဖြစ်သည် ။ အတန်ကြာမှ

"သူက ကလေးအဖေလေ။ ဒီအိမ်ကြီးရဲ့ အရှင်သခင်ပေါ့။ ပြီးတော့ လင်း ကုမ္ပဏီရဲ့ မန်နေဂျင်း ဒါရိုက်တာလေ။ ဦးထင်လင်းတဲ့ "

"ဟုတ်ကဲ့ ကလေးက ဘယ်အရွယ်လဲ"

"ဒီနှစ် ကျောင်းစနေတယ် ဆိုတော့ သူငယ်တန်း မဟုတ်တော့ဘူး ပေါ့ ..."

"ဂရိတ်ဝမ်းပါ"

"ဪ ဟုတ်တယ် ဟုတ်တယ် အဲဒီအတန်း။ အဲ ... ကလေးက ဆိုး တယ် အမေသွေးပါလို့ ထင်တယ်"

"အမေ။ သူ့အမေကကော"

"ဆုံးသွားပြီ။ သန်ဘက်ခါ ရက်လည်မှာ ။ ဒါကြောင့် ဒီမှာ စာရင်း တွက်နေတာလေ။ ဝယ်ဖို့ ခြမ်းဖို့ ။ အော်ဒါမှာ လိုက်တာပဲ ကိစ္စပြတ်မယ် ထင်ပါတယ်။ ထင်လင်းကလည်း သူ့ဂုဏ်ကြောင့် သာမ ဟုတ်ရင် ရက်လည်တောင် ဘယ်သူ့မှ ဖိတ်ချင်တာ မဟုတ်ဘူး "

လင်းဝတ်မှုံ အံ့အားသင့်သွားသည် ။ စောစောကလူ၏ လေသံက လောကကြီးကို မကျေမ နပ်ဖြစ်နေသည့် လေသံမျိုး။ မိန်းမဆုံးသွား၍ ကြေကွဲဝမ်းနည်းခြင်း လေသံမျိုး လုံးဝမပါဝင် ပါလား။ မိမိအရွယ်ကပဲ ငယ်လွန်းသဖြင့် လောကကြီးကို နားမလည် နိုင်သေးခြင်းလား၊ လူကဲခတ်မ ကျွမ်းကျင်သေးခြင်းလား ကိုတောင် မခွဲခြား တက်နိုင်အောင် ဖြစ်သွားရသည် ။

"ကျွန်မ တာဝန်ယူရမယ့် ကလေးကို တွေ့ခွင့်ရမလား"

"ကလေးကို တွေ့ချင်တာ အသာထားဦး ဆရာမလေး။ ဆရာမလေး အသက်ကဘယ် လောက်ရှိပြီလဲ"

"နှစ်ဆယ်ပြည့်ပြီးပြီ"

"ဒီမှာ လာနေနိုင်လို့ လား"

"နေနိုင်ပါတယ်။ ကျွန်မက နယ်ကပါ။ မိဘလည်း မရှိတော့ဘူး။ ရန်ကုန်မှာ အလုပ်လုပ်ရင်း ဘော်ဒါဆောင် နေမလို့ စိတ်ကူးတာဆိုတော့ အဆင်တောင်ပြေသွားမှာ ပါ အန်တီ"

လင်းဝတ်မှုံက မုသားမပါ လက်ာမချော ပြောလိုက်ရင်းမှ "သြော် ငါ့ နှယ်နော် စိန်နားကပ်နှင့် စိန်လက်စွပ်ကို မချွတ်ခဲ့မိပါလား" ဟု ရင်ထဲ သတိရလိုက်မိ သော်လည်း နောက်ကျသွားလေသည် ။

"အဓိကက မိန်းကလေး အဲဒီနာမည် အရင်ပြောပါဦး"

"ဝတ်မှုံပါ"

လင်းဝတ်မှုံက လင်းကို မြုပ်နှံလိုက်သည် ။

မှတ်ပုံတင်ပြ ဆိုရင်တော့ ပြဿနာပင်။ ကိစ္စမရှိပါဘူး။ ဝတ်မှုံဟု သာ အများကခေါ်၍ ဝတ်မှုံ လိုက်ခြင်းဖြစ်သည် ။ လင်းဝတ်မှုံက မှတ်ပုံ တင်နှင့် ကျောင်းအမည်သာ ဖြစ်သည် ဟု ဆိုလိုက်လျှင် ပြီးသွားမည်။

"ဝတ်မှုံ ... မှတ်မိလွယ်သလို ခေါ်လို့ လည်း ကောင်းပါတယ် အိမ်ကြီး သခင် ဦးထွန်းလင်းနဲ့ လုံးဝ ပတ်သက်စရာ မလိုဘူး။ သူက မိန်းမဆိုရင် တီတီနဲ့ မမကြီးကလွဲလို့ ဘယ်သူနဲ့ မှ ဟုတ်တိပတ် တိစကားပြောတဲ့ လူ မဟုတ်ဘူး "

လင်းဝတ်မှုံစိတ်ထဲ ချဉ်တူးတူး ရှိသွားရာ

"ကျွန်မ သူ့အကြောင်း စိတ်မဝင်စားပါဘူး၊ ကျွန်မ တာဝန်ယူရမယ့် ကလေး  အကြောင်းပဲ သိချင်ပါတယ်"

အမျိုးသမီးက သူ့အား မျက်ခုံးပင့် ကြည့်လိုက်သည် ကို၊ လင်းဝတ်မှုံ မသိကျိုးနွံ ပြုံ လိုက်လေသည် ။ မိမိသည် သူတစ်ပါး၏ လခစား ဝန်ထမ်းဆိုတော့ သူ့ဆန်စား ရဲရမည်ပင် ဖြစ်ရာ မိမိ၏ မာန်စွယ်ကို တ

တ်နိုင်သမျှတော့ ချိုးထားရမည် ဖြစ်သည် ။

သို့သော် အလုပ်က ဆရာမဆိုတော့ မှန်သောစကားနှင့် ကောင်းသော အလုပ်ကိုသာ လုပ်ပြီး ကလေးကိုလည်း လူတော်လူကောင်း ကလေးအဖြစ် ပုံသွင်း ပေးရမည်ဖြစ်ရာ ဆရာ့ကျင့်ဝတ် ကိုတော့ လျှော့နိုင်မည် မဟုတ်ပေ။

"ဟုတ်ပါပြီ ... သူ့အကြောင်း စိတ်မဝင်စားဘူး ဆိုရင်ဘဲ ဝတ်မှုံအတွက် ဒီမှာ မြဲဖို့ အလား အလာတစ်ခုပါပဲ နောက် ... ကလေးက အတော်ဆိုးတယ်"

"ကလေးဆိုးဆိုးတာ ဖြစ်မယ်ထင်ပါတယ်၊ ကျွန်မ သည်းခံပြီး ပြုပြင်သွားပေးမှာ ပါ"

လင်းဝတ်မှုံ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်အဝ ထားကာ ပြော လိုက်လေသည် ။ အမှန်တော့ မိမိသာလျှင် အိမ်၏ ဆည်းလည်း ကလေးဆိုးအဖြစ် မင်းမူခဲ့ခြင်း ဖြစ်သည် မှာ မကြာသေး။ ဆိုး၍ ရ၍ ဆိုးခြင်းဟု သူ့ကိုယ်သူ သိနေသည် ။

"ဆရာမ တော်တော်များက တစ်လပြည့်အောင် မနေနိုင်ကြပါဘူး။ တစ်လစာတော့ ပေးလိုက် ပါတယ်။ နစ်နာကြေးတို့ ဘာတို့ တော့ မပေးနိုင်ဘူးပေ့ါ သူတို့ က နုတ်ထွက်သွားတာလေ"

"ကိစ္စမရှိပါဘူး ကျွန်မက အိမ်ရှင် မထွက်ခိုင်းသရွေ့ နေနိုင်မယ်ထင်ပါတယ်"

လုံခြုံသော နေရာလေးတစ်ခု လိုအပ်နေခြင်း ဖြစ်သည့် အတွက် လင်းဝတ်မှုံက ရဲရဲတင်းတင်းပင် အာမခံ လိုက်လေသည် ။

"လစာက စားစရာလည်း အိမ်သားတွေလိုပဲ မနက်စာ၊ နေ့လယ်စာ၊

ညစာအပြည့်အစုံကျွေး မယ်နေစရာလည်း အပေါ်ထပ်မှာ ပဲ အန်တီနဲ့ ကပ်လျက် အခန်းမှာ ပေးမယ်"

"ဟုတ်ကဲ့ ကျွန်မ ဘယ်တော့လာရမလဲ"

"ဒီနေ့လာနိုင်ရင် အကောင်းဆုံးပဲ"

လင်းဝတ်မှုံ လိုချင်သောစကားကို မမျှော်လင့်ဘဲ ကွက်တိရလိုက်သဖြင့် ရင်ထဲ ကျိတ်၍ ဝမ်းသာသွားသည် ။

"လစာကတော့ တစ်သောင်းခွဲပဲ။ တစ်ပတ်မှာ ကိုယ်ရေးကိုယ်တာ ကိစ္စတွေအတွက် လည်ချင်ပတ်ချင်ရင် တနင်္ဂနွေ တစ်ရက်ခွင့် ပေးပါတယ်"

မဆိုးဘူး။ အခွင့်အရေးတွေ အပြည့်အဝရှိနေတာပဲ။

"ကြားရက်တွေမှာ လည်း ကလေးနဲ့ အချိန်ပြည့် နေပေးဖို့ မဟုတ်ပါဘူး။ သူကျောင်းသွားချိန် စားချိန်အိပ်ချိန် ဆရာမသဘောပါ"

"ကိစ္စမရှိပါဘူး ကျွန်မ ကလေးနဲ့ ရင်းနှီးမှုရအောင် သူ့နား အမြဲနေနိုင်အောင် ကြိုးစားပေးပါ့မယ်"

လင်းဝတ်မှုံက သူ့ဝသီအတိုင်း ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည် ။ သူ့အလုပ်က ကလေးတစ် ယောက်၏ ဆရာမ ဆိုတော့ ကလေးလိမ္မာရေးခြား ဖြစ်အောင်၊ အသိအတတ်ပညာ တိုးတက်အောင် လမ်းညွှန်ပြသ သင်ကြားပေးရမည်။ ဒါကို လင်းဝတ်မှုံ နားလည်သည် ။ လင်းဝတ်မှုံ မိမိ ရွေးချယ်ထား သောလမ်းကို မိမိ လျှောက်လှမ်းနိုင်ရန်တော့ အားထုတ်ရမည်။

"ကောင်းပါတယ်"

"ဩော် ဆရာမ မှတ်ပုံတင်ရယ်၊ နေရပ်ရယ်တော့ ပေးရမယ်။ ညှော်စရင်းတိုင်ဖို့ ရှိသေးတယ်"

"ဟုတ်ကဲ့ ရပါတယ်။ ကျွန်မ ပြန်လာတော့ ယူခဲ့ပါ့မယ်။ ဒီညနေမှ ကျွန်မ ပြန်လာခဲ့မယ်"

"သိပ်ကောင်းတာပေါ့ ဆရာမရယ် အလှရေ ဆရာမကို လိုက်ပို့လိုက်ပါ"

လင်းဝတ်မှုံ သူတာဝန်ယူရမည့် ကလေးကို တွေ့ချင်သေးသော်လည်း ထပ်မံ မတောင်းဆို တော့။ အပေါ်ထပ်၌ ဝုန်းဒိုင်းကြဲကာ သောင်းကျန်း နေလေသည် ။ ဒီတစ်နေ့တော့ နေလိုက်ဦး ကလေး ရေ။ မနက်ဖြန်ကစပြီး မင်းနဲ့ ငါနဲ့ တွေ့ကြတာပေါ့ဟု စိတ်ထဲ ကြုံးဝါးပြီး လင်းစံအိမ်ထဲမှ ပြန်ထွက်ခဲ့ လေသည် ။

'လင်းစံအိမ်' သို့ လင်းဝတ်မှုံ ညနေ ၅နာရီကျော်ကျော်တွင် ခရီးဆောင်အိတ် နှင့် အတူ ပြန် ရောက်လာသည် ။ ထိုအချိန်တွင် ညှော်ခန်း၌ ထိုင်နေသော လူတစ်ယောက်၏ မျက်နှာသည် သူ့ကိုမြင်သည် နှင့် တစ်ပြိုင်နက် စိမ်းကားသော မျက်ဝန်း၊ ခက်ထန်သောအသွင် ပြောင်းသွားသည့် မျက်နှာပြင်ကို သူရင်ဆိုင်လိုက်ရသည် ။ သတင်းစာ ဖတ်နေရာမှ လင်းဝတ်မှုံကို ဖျတ်ခနဲကြည့်ပြီး

'ဟေ့ ဘယ်သူတွေရှိကြသလဲ ဒီမှာ ကိုယ့်ကိစ္စ ကိုယ်လာရှင်းကြ'ဟု မာကျောသော အသံနှင့် အတူ သတင်းစာကို ပစ်ချပြီး ညှော်ခန်းနှင့် ကပ်လျက် အခန်းထဲသို့ ဝင်သွားလေသည် ။ အသံကြောင့် စောစောတစ်ခေါက် လာစဉ်ကတည်းက မုန်းတီးခဲ့သော အိမ်ကြီးသခင်မှန်း လင်းဝတ်မှုံ ချက်ချင်း မှတ်မိ လိုက်လေသည် ။ ရုပ်ချောသလောက် စိတ်ထားညံ့ပုံရသော ဤအိမ်ကြီးသခင်နှင့် မိမိ ရေရှည်ဖြစ်ပါ့မလား။ အင်းလေ ... သစ်

မရခင်စပ်ကြား ဝါးဖောင်ဖွဲ့ရမှာ ပေါ့။ သည်းခံ လင်းဝတ်မှုံ ...။ ညည်းဟာ အခု သာမန်မိန်းကလေး တစ်ယောက်ဆိုတာ မမေ့နဲ့ ဟု ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်နေစဉ် အိမ်ကြီးသခင်က တီတီခေါ် အမျိုးသမီးကြီးနှင့် နောက်ထပ် မျက်နှာစိမ်း မိန်းကလေးတစ်ဦး ထွက်လာသည် ။

'ဪ ဆရာမလေး။ ဟဲ့ မိရင်၊ ဆရာမအိတ်ကို ယူ၊ တစ်ခါတည်း ဆရာမအခန်း လိုက်ပို့ လိုက်။ ကျွန်မ ကလေးကို ထမင်းကျွေးနေလို့ ဆရာမရေ'

'ဟုတ်လား ကျွန်မ ကျွေးပေးမယ်'

'နေ နေ ဆရာမ ၊ ပစ္စည်းတွေသာ သွားနေရာ ချလိုက်ပါဦး'

'ရပါတယ် နောက်မှ လုပ်ပါ့မယ် ၊ ညီမ က အဝတ်အိတ်တွေသာ သွားထားလိုက်နော်'

အိမ်ဖော် မိန်းကလေးများက မိမိနှင့် မတိမ်းမယိမ်း သက်တူရွယ်တူပင် ဖြစ်နိုင်သည် ဖြစ်သော်လည်း အခြေအနေ အဆင့်အတန်းအရ ညီမဟု ပင် လင်းဝတ်မှုံ သုံးနှုန်းလိုက်သည် ။

'ဟုတ်ကဲ့ ဆရာမ'

ဆရာမဟု ခေါ်ခြင်းကို လင်းဝတ်မှုံ မဟန့်တားတော့။ ငယ်ရွယ်သောသူ့အတွက် ဂုဏ်တစ်ပန်း သာစေသည် ဟု ခံယူကာ ယုန်သူငယ် နှာစေးနေ လိုက်လေသည် ။ ထမင်းစားခန်း၌ အလှနှင့် အတူ စားပွဲပေါ်၌ ထိုင်ကာ ပန်းကန်ခွက်ယောက်များကို ဆော့ကစားရင်း ထမင်းစားနေသော ပါးစုန့်အစ်အစ်နှင့် ဝတုတ်တုတ် ယောကျ်ားလေးတစ်ဦးကို တွေ့မြင်လိုက်ရသော အခါ လင်းဝတ်မှုံ ချစ်ခင်သွားလေသည် ။ ဖျစ်ညှစ်ပြီး ပါးစုန့်ကြီးကို တအား မွှေးကြူလိုက်ချင်စိတ်ပင် ပေါက်သွားလေသည် ။

'ဟယ် သားက လူချောပဲ ခွန်အားဗလလည်း ကြီးတာပဲ။ ဗ ဗလကြီး ဆင်ပြောင်စီးနဲ့ တူတယ်'

ကလေးက သူ့အား မျက်လုံးအဝိုင်းသားဖြင့် ကြည့်လေသည် ။ နောက်

'နင်က ဘယ်သူလဲ'

'နင်လို့ မမေးရဘူး ၊ မမပေ့ါ သားမမလေ'

'ဟုတ်ရဲ့လား'ဟု ဆိုကာ အန်တီ့ကို လှမ်းကြည့်သည် ။

'ဟုတ်တယ် နီတာ၊ သားနဲ့ အတူ စာဝိုင်းလုပ်ပေးမယ်။ ကစားပေးမယ်။ ကစားကွင်းတွေလိုက် ပို့ပေးမယ့် သားမမပဲ'

ဟု အလိုက်တသိ ပြောလေသည် ။ တော်ပါသေးရဲ့ ။ အန်တီက အကင်းပါးနပ်သော အမျိုး သမီးပေပဲ။ လင်းဝတ်မှုံ ခင်းလိုက်သော လမ်းကြောင်းပေါ် တည့်တည့်မတ်မတ် လျှောက်သွားတက် ပေသည် ။ လင်းဝတ်မှုံက ကလေးစားသော အစားအသောက်များကို ကြည့်လိုက်သည် ။

'အစားအသောက်ကိုတောင် သူ့အဖေက စာအုပ်လမ်းညွှန်အတိုင်း ချက်ကျွေးခိုင်းလို့ ချက်ရတယ်'

ဖြူရော်ရော် ဟင်းများကိုကြည့်ကာ လင်းဝတ်မှုံ သက်ပြင်းချလိုက်မိသည် ။

'သားနာမည်က နီတာပဲလား'

'ဟုတ်ဘူး'

'ကျောင်းနာမည် ရှိမှာ ပေါ့နော်၊ ဘယ်လိုခေါ်သလဲ သား'

‘သိဘူး’

‘ဟောတော့ ကိုယ့်နာမည်တောင် ကိုယ် မသိဘူးလား’

‘သိတယ် မဖြေချင်လို့ ။ လျှာရှည်လိုက်တာ၊ သွား နင် သွား စကား များ တယ်’

‘ဘုရားရေ’ဟု ရင်ထဲ တ လိုက်ပြီးနောက် လင်းဝတ်မှုံက အပြုံးမ ပျက်ဘဲ

‘စကားများ တော့ ဘာဖြစ်သလဲ ပါးစပ်ဆိုတာ စားဖို့ နဲ့ စကားများ များ ပြောဖို့ စာများများ ဖတ်ဖို့ သီချင်းဆိုဖို့ ပါလာတာပဲ မမလည်း စ ကားပြောမယ်၊ သားလည်း ပြောပေါ့ ဒါမှ ပါးစပ်က ပိုလှလာမှာ သိလား’

‘ဟာဗျာ’

လူကြီးလေသံ ဟာဗျာဟု လုပ်ကာ၊ တစ်ဖက်လှည့်သွားသည် ။ သို့သော် ပန်းကန်တစ်ခုလှမ်း ကောက်ပြီး လင်းဝတ်မှုံထံ လှမ်းပစ်လိုက် သည် ။ လင်းဝတ်မှုံက ရှောင်လိုက်သဖြင့်

‘ချွင် ခလွမ်’

ကလေး၏ ဆီးကြိုပုံက သင်းနေပြီ။ လင်းဝတ်မှုံ စိတ်မပျက်၊ ပျော်စ ရာဟု ပင် မှတ်ယူလိုက် သည် ။

‘ဟာ မင်းက လက်မြန်တယ်။ အတော်ပဲ မင်းနဲ့ မမ ဘတ်စကက် ဘော ကစားလို့ ရပြီ။ ဘောကန်ကော ကောင်းလား။ မင်းခြေထောက် တွေ မမလောက် မြန်မမြန် သန်မသန် ကြည့်ကြသေးတာပေါ့ ၊ ကိုင်း စားထား ဒါမှ အားရှိမှာ ။ မမ အဝတ်အစားလဲပြီး မင်းနဲ့ တွေ့မယ်’

ကလေးက သူ့အား စူးစမ်းသလို ကြည့်နေရာမှ ဘာမှ မပြောနိုင်ခင်

လင်းဝတ်မှုံ အနိုင်နှင့် ပိုင်း ကာထမင်းစားခန်းထဲမှ ထွက်ပြီး အပေါ်ထပ် တက်ခဲ့လေသည် ။ အဲဒါမှ ပြဿနာ အိပ်ခန်းတံခါးတိုင်း ကပိတ်ထားသ ည် ။ မိမိအတွက် ဘယ်အိပ်ခန်း သတ်မှတ်ပေးထားမှန်း မသိတော့ လှေ ကားထိပ်၌ ရပ်နေစဉ် မိရင်က ပြေးတက် လာပြီး-

'လာ ဆရာမ ကျွန်မ ပြပေးမယ်'

'အေး အရင်။ တို့ လည်း ဘယ်အခန်းမှန်း မသိလို့ ရပ်နေတာ။ တစ်ခါတည်း ဘယ်အခန်းက ဘယ်သူ့အခန်း ဆိုတာပြထားနော်'

'ဟုတ်ကဲ့။ ဟိုမှာ ဘုရားခန်းနဲ့ အပေါ်ထပ်ဧည့်ခန်း၊ အဲဒီအခန်းက ဆရာ့အခန်း၊ ဒီဘက်က သားအခန်း၊ မျက်နှာချင်းဆိုင်က ကြီးကြီး အခန်း။ ဒါ ဆရာမအခန်း'

'ဟိုအခန်းကကော'

'ဩော် ဆရာ့မိန်းမ အခန်းလေ သေသွားပြီ'

'ဩော်'

မုန်းစရာကောင်းသော ယောကျ်ားတစ်ယောက်၏ ဒဏ်ရာကို ကြာ ကြာမခံစားနိုင် ရှာ၍ သေဆုံးသွားခြင်းလား။

'ဘာရောဂါနဲ့ သေသွားတာလဲ'

'ကားမှောက်လို့ သန်ဘက်ခါ ရက်လည်မှာ ကျွန်မ သွားမယ်နော်။ လုပ်စရာလေးတွေရှိလို့ '

'အေး အေး'

'ဆရာမက သိပ်ချောတာပဲ'

မိရင်က သွားကာနီး ပြောသွားသေးသည် ။ လင်းဝတ်မှုံ ကျေနပ်စွာ

ပြုံးလိုက်မိလေသည် ။ လှတယ် အပြောခံရခြင်းသည် စိတ်ဆိုးစရာမှ မဟုတ်ပေပဲ။ ဂုဏ်ယူစရာပေမို့ ပြုံးမိခြင်း ဖြစ်၏။

'သြော် ငါကလေးဆန်နေလို့ မရဘူး။ လင်းဝတ်မှုံ ညည်းက ဆရာမ ဖြစ်ပြီနော်' ဟု အားပေးရင်း ဒီကအပြန် စာအုပ်ဆိုင်များ ဝင်၍ ကလေးသူငယ် ပြုစုပျိုးထောင်နည်း များကိုရှာဝယ်ကာ ဖတ်ထားရသည် ။ စာအုပ်များကို စာကြည့်စားပွဲ အံဆွဲထဲ ထည့်ထားလိုက်သည် ။အလှ ပြင်ပစ္စည်းများကို မှန်တင်ခုံ ပေါ်တင်လိုက်သည် ။ အဝတ်အစားများက ချိတ်ဆွဲများ သာ များ သည် ဖြစ်ရာ မတ်တတ် ဗီရိုကြီးကြီးတွေ့ရ၍ ဝမ်းသာအားရ ဖွင့်လိုက်သည် ။ အင်္ကျီချိတ်များ အဆင်သင့်ရှိ နေသဖြင့် ချိတ်ဆွဲလိုက်သည် ။ အိပ်ရာက အဆင်သင့် ခင်းကျင်းထားသည် ။ မိမိ အိပ်ခန်းလောက် မသားနား သော်လည်း အဆင့်အတန်းကတော့ မနိမ့်လှသဖြင့် ကျေနပ်သွားသည် ။ ထိုအချိန်တွင် အိပ်ခန်းမှ ပြူတစ်ပြူတစ် လုပ်နေသော ကလေးကို တွေ့ရသဖြင့်

'ဟိတ် ဘယ်သူလဲ တို့ ကို လာချောင်းနေတာ။ တို့ ကိုခင်ချင်ရင် နာမည်ပြောပြမှ ခင်ခွင့်ပေးမယ်၊ ဝင်ခွင့်ပေးမယ်'

ကလေးတွေ ဆိုးလျှင် သူတို့ ထက် ပိုဆိုးတက်ကြောင်း၊ သူတို့ ဆိုးတာ မကြောက်ကြောင်းကို ထိခိုက်မှု မရှိစေသော အပြုအမူမျိုး လုပ်ပြထားနိုင်ရမည်။

'ဝင်ဘူး'

'မဝင်နဲ့ မျက်စိနောက် သက်သာတယ်'

လင်းဝတ်မှုံက ခပ်တည်တည်ပင် ပြောပြီး ကိုယ်လုပ်စရာ ရှိတာကို လုပ်ရင်း ပန်းဒါရုပ်ကို ထုတ်လိုက်သည် ။ သိနေသည် ။ ချာတိတ်က သူ့အခန်းသို့ မဝင်ဘဲ အဝမှာ ပေကတ်ကတ် ညစ်ကျယ်ကျယ်နှင့် ချောင်း

ကြည့်နေတာ။

'သား လာစမ်း'

မုန်းစရာကောင်းသော အသံက သူ့အိပ်ခန်းထဲ တိုင်အောင် တိုးဝင်လာသည် ။ ကလေးက လှစ်ခနဲ နောက်ပြန်ပြေးသွားသည် ။ ဘာကြောင့် ယောကျ်ားတန်မဲ့ ဒီလောက်တောင် စွာကျယ် ဖြစ်နေရတာလဲ။ ယောကျ်ားတွေဟာ အားလုံး မုန်းစရာချည်းပါပဲ။ သစ္စာတရား ဆိုတာ ကော ရှိကြသေးရဲ့ လားဟု လင်းဝတ်မှုံ တွေးမိလိုက်သည် နှင့် ရင်ထဲမှ ထိရှနာကျင်လာသည် ။ တော်ပါပြီ။ မတွေးတော့ပါဘူး။ ဘာမှ မတွေး တော့ဘဲ ပစ္စုပ္ပန် တည့်တည့်ကိုသာ ကြည့်ပြီး ရောက်နေသော နေရာ၌ ကောင်းစွာ မတ်မတ် ရပ်တည်နိုင်ဖို့ အရေးကြီးသည် ။ အနာဂတ် အတွက်ကို ဒီအိမ်၌ နားခိုရင်း အစီအစဉ်တစ်ခု ရေးဆွဲရမည်။

လင်းဝတ်မှုံက ရစ်ဝဲလာသော မျက်ရည်စများကို မျက်တောင် ပုတ်ခတ်ပုတ်ခတ် လုပ်ကာ ကျဆင်း ခွင့်မပေးဘဲ သိမ်းဆည်းပစ်လိုက်သည် ။

* * *

ထင်လင်းက ကားရပ်သံ ကြားလိုက်ရသည် နှင့် သတင်းစာဖတ်နေ ရာမှ ဧည့်ခန်း တံခါးဝဆီသို့ အကြည့်ရောက်သွား၏။

ဟင် လှလိုက်သည့် မိန်းကလေး။

အိတ်တစ်လုံးကို တွန်းပြီး တစ်လုံးကို ဆွဲကာ ဝင်လာသည် ။ နေ့ခင်း က ကျောဘက်၌ သာ မြင်လိုက်ရသော မိန်းကလေး။ ယခုတော့ မျက်နှာ ချင်းဆိုင် တွေ့လိုက်ရသည် နှင့် သူ့မျက်ဝန်း အကြည့်က ဦးနှောက်ကို

သတင်းပို့လိုက်သည် ။

'သိပ်လှနေပါလား'

လှသော ငယ်သော မိန်းကလေးများ သည် သူ၏ ဘဝအတွက် အကြီးမားဆုံးသော ရန်သူဖြစ်သည် ။ ဒါကို တီတီဟု သူခေါ်သော ဒေါ်ဌေးက နားလည်ပါ လျက်ကယ်နှင့် ဘာကြောင့် များ ဒီလောက်လှပြီး အသက်တောင် ၂၀ ပြည့်တက်ပုံ မရသေးသော မိန်းကလေးကို လက်ခံလိုက်ရတာလဲ ဟု မကျေမနပ်ဖြစ်ကာ "ဟော့ ဘယ်သူမှ မရှိ ကြဘူးလား၊ ဒီမှာ ကိုယ့်ကိစ္စ ကိုယ်လာရှင်းကြ'ဟု သူ စွတ်ရွတ်အော်လိုက်တော့ မိန်းကလေးက မျက်မှောင်ချီကာ သူ့အား စိုက်ကြည့်လိုက်သည် ကို သူတွေ့လိုက်ရသည် ။ "ငါ့မာယာတွေ မိန်းမတစ်ယောက်ရဲ့ မကျေနပ်ခြင်း ဟာလည်း မာယာလက် နက်တစ်မျိုးပဲ။ သွားစမ်းပါ ထင်လင်းကို ဒီလို လာစမ်းလို့ မရဘူး' သတင်းစာကို ပစ်ချပြီး မိန်းကလေး အကြည့်ကို အရေးမစိုက်ဟန် ၊ မတူမတန်ဟန်နှင့် ဥပေက္ခာပြုကာ ကျောခိုင်းပြီး ဧည့်ခန်းနှင့် ကပ်လျက် စာကြည့်ခန်းသို့ ဝင်ခဲ့လိုက်သည် ။

နောက် အနည်းငယ် အကြာမှ သူ့အခန်းထဲသို့ တီတီ ရောက်လာသည် ။

'ဘယ်လိုလဲ တီတီ ဒီကောင်မလေးပဲ ခန့်လိုက်ပြီလား'

'အေးလေ မင်းပဲ တီတီသဘောဆို'

'သိပ်မငယ်လွန်းဘူးလား'

'ငယ်တာကြီးတာဟာ ပဓာန မဟုတ်ဘူး အရည်အချင်းက အဓိကပဲ။ ကောင်မလေး ကြည့်ရတာ ထက်မြက်ပုံရတယ်'

'အဲဒါထက်ဆိုးတာက သိပ်ချော သိပ်လှနေတယ်' ဟူသော စကားကို

သူမဆက်ချင်။ တီတီက သူ့အကြောင်း သိနေသူပီပီ

'လှတာတော့ ဘယ်တတ်နိုင်မလဲလေ။ လှတာ ရိုးရိုး မဟုတ်ဘူး နော် ဆွဲဆောင်မှုကလည်း ရှိနေတယ် ၊ ကလေးဆိုတာ အလှအပလေးတွေ တောက်တောက်ပြောင်ပြောင် လေးတွေကို သဘောကျ တက်တယ် မ ဟုတ်လား၊ နီတာ့အတွက် အဓိကပဲမဟုတ်လား'

'အင်းလေ ကျွန်တော်နဲ့ လုံးဝ လာမပတ်သက်စေနဲ့ နော် ၊ ကျွန်တော် သူ့ကိုမမြင်ချင်ဘူး အသံလည်း မကြားချင်ဘူး'

'ငါ ပြောပြီးပါပြီဟယ် သူ့ပုံစံလေးက နုဖပ်နေတာပဲ အဆင့်အတန်း ရှိတဲ့ ပုံလေးပါ'

'ထားပါတော့ သန်ဘက်ခါ ကိစ္စအတွက် စီစဉ်ပြီးပြီလား'

သူ အနှောင်အဖွဲ့က လွတ်မြောက်သွားပြီ ဖြစ်၍ စိတ်ထဲ အတန်ငယ် ပေါ့ပါးလွတ်လပ်သွား သလိုဖြစ်သော်လည်း ဟန်ဆောင်ခြင်း အတတ်ပ ညာနှင့် မယားသေသော မုဆိုးဖိုတစ်ဦးပမာ မျက်နှာ သေလေးနှင့် တော့ ရက်လည်ဆွမ်းကျွေး ရေစက်ချပေးပြီး ဧည့်ပရိသတ်များကို ဟန်ဆောင် ဧည်ခံ ပေးရဦးမယ်။

'ဒန်ပေါက်ပဲ အော်ဒါမှာ လိုက်တယ် ရွှေချီဗန်းတွေရောပဲ အအေး လည်း ပုလင်းတွေပဲ မှာ လိုက်တယ် အိမ်မှာ တော့ လက်ဖက်နဲ့ ကျောက် ကျောပဲ လုပ်မယ်'

'တီတို့သဘောပဲ ရက်လည်ဆိုတော့ လူကသိပ်မလာတက်ဘူး၊ အပို အလျှံတွေ အလဟဿ မဖြစ်စေနဲ့ နော်'

ငွေရှာရသူသည် ငွေတန်ဖိုးကို ပိုသိလေသည် ။ သူ့ကို ပေသီးသမား ဟု ဆိုဆို၊ ဘာဆိုဆို သူကတော့ အလဟဿ ဘာကိုမှ အဖြစ်မခံနိုင်ချေ။

ဒါတောင် မနစ်နာသင့်ဘဲ နစ်နာခဲ့ရသော ငွေကြေးများ အတွက် သူ့ကိုယ်သူ  နှမြောသလို နာကျင်မှုလည်း ဖြစ်နေရာသည် မှာ ယနေ့ထက်ထိပင်။

သူ့ဘဝတစ်ခုလုံးကို နစ်နာသွားအောင် ပြုလုပ်ခဲ့သော ‘မိန်းမ’တစ်ဦးကြောင့် ‘မိန်းမ’ ဟူသမျှ ကိုဝါးလုံးရှည်နှင့် သိမ်းကျုံးရမ်းကာ ကြည့်မရခဲ့တော့။

မိန်းမတစ်ယောက်ကြောင့် မိန်းမမုန်းတီးခြင်း ပေါက်ဖွားလာရသည်။ မုန်းတီးခြင်းသည် ချစ်ခြင်း မေတ္တာကဲ့သို့ပင် မျက်စိမရှိပါချေ။ မုန်းလိုက်သည် မှ တူးတူးခါးခါး

အထူးသဖြင့် လှပသော မိန်းမများက ပို၍ အဆိပ်ပြင်းသည် ။ ထို့ကြောင့် လှသော ချောသော မိန်းမများကို သူ ပို၍ မုန်းသည် ။

တူးတူးခါးခါး မုန်းပါသည် ဆိုမှ လှသော ချောသော မိန်းမတစ်ယောက်က သူနှင့် အနီးကပ်ဆုံးသို့ ရောက်ရှိလာသည် ။ အစစ အရာရာ သတိထား ရှောင်ကြဉ်မှ ဖြစ်မည်။

မိန်းမတွေ၏ မာယာ ထောင်ချောက်ထဲ ထပ်မံ ဆင်းရလို့ ကတော့ ဒီလောကထဲက အပြီးတိုင် ထွက်သွားဖို့ သာရှိတော့မည်ဟု ထင်လင်း တွေးရင်း မျက်မှောင် ချီလိုက်မိလေသည် ။

* * * * *